မည်သူမဆို ရိုဇီရိက္ခာ ကျယ်ဝန်းစွာ

ချီးမြှင့်ခံရရန်နှင့် ၎င်း၏သက်တမ်း ရှည်လျားမှုရရန်နှစ်သက်လိုလားလျှင် ဆွေမျိုးဆက်ပါ။

အနတ်စ်ဗင်န် မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို
ရိုဇီရိက္ခာ ကျယ်ဝန်းစွာ ချီးမြှင့်ခံရရန်နှင့် ၎င်း၏သက်တမ်း ရှည်လျားမှုရရန်
နှစ်သက်လိုလားလျှင် ဆွေမျိုးဆက်ပါ။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က သားချင်းများထံ သွားရောက်တွေ့ဆုံခြင်း၊၎င်းတို့အား ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ အပြင်အခြားနည်းလမ်းများဖြင့်ကူညီထောက်ပံ့ပေးကာ ဆွေမျိုးသားချင်းအဆက်ထားရန် တိုက်တွန်းနှိုးဆော်ထားသည်။ဆွေမျိုးသားချင်း အဆက်ထားခြင်းသည် ရိုဇီရိက္ခာ ကျယ်ဝန်းရန်၊သက်တမ်းရှည်လျားရန်အတွက် အကြောင်းခံတစ်ရပ်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5372